သရက်ကုန်းကျေးရွာ

ကြိမ်ချောင်းကျေးရွာအုပ်စု

ဝန်းသိုမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း

(၂၀၁၇–၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

သရက်ကုန်းကျေးရွာ၊ ဝန်းသိုမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

ခေါင်းစဉ်	စာမျက်နှာ
မာတိကာ	၁
စကားချီး	၅
သရက်ကုန်း ကျေးရွာ **အရင်းအမြစ်ပြမြေပုံ၊** ဝန်းသိုဖြို့နယ်	၇
သရက်ကုန်းကျေးရွာ **ရာသီခွင်ပြ ပြက္ခဒိန်၊** ဝန်းသိုဖြို့နယ်	၈

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု	၉
(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်	၉
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု	၁၀
(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ	
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား	၁၀
(ခ) သဘာဝအရင်းအမြစ်များ	၁၀
(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ	
(က) လူဦးရေဆိုင်ရာ အချက်အလက်များ	၁၁
(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု	၁၁
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု	၁၂
(ဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ	၁၃
(င) ကျန်းမာရေးနှင့် အာဟာရ	၁၄
(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု	၁၄
(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ	
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်	၁၅
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ	၁၅
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ	၁၇
(ဃ) ရွှေ့ပြောင်းလုပ်သားများ	၁၈
(င) ကုန်စည်နှင့် ဝန်ဆောင်မှု စျေးကွက်	၁၉
(စ) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း	၁၉
(ဆ) ပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှု	၁၉

(ဇ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ၁၉
(ဈ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု – လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊
သတင်းနှင့် ဆက်သွယ်ရေး ၂၁
(ည) လူငယ်နှင့် ယဉ်ကျေးမှု ၂၂
(ဋ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး ၂၃
(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊
အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ ၂၃
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၂၃
(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၄
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်
ကျသော ချိတ်ဆက်မှုများ ၂၅
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ
(က) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ၂၆
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း ၂၇
(ဂ) ဦးစားပေး စီမံချက်များ ၂၇
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ ၃၀
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၃၁
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၃၂
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ ၃၂
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ ၃၂
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ ၃၂
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန်
အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ ၃၃
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၃၃
(က) ကြီးကြပ်စစ်ဆေးခြင်း ၃၃
(ခ) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း ၃၅
(ဂ) နည်းပညာဆိုင်ရာ အကူအညီ ၃၆

နောက်ဆက်တွဲ

ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား ၃၇
ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း ၄၂
ရည်ညွှန်းချက်များ ၄၃
နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု
(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ
ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား ၂၃ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေ ရရှိမှု
ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား ၄၀ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ
နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ဇယား ၄၅ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ကိုးကားစာရင်း
အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၄၄
စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင် ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိ ပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော် လည်း လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့်နည်း လမ်းများနှင့် လုပ်ထုံး လုပ်နည်း များကို မသိ ခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် စီမံကိန်း ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောစီမံကိန်းကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက် များထပ်ဖြည့်ပေး ခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းစီမံကိန်းများကို မူဘောင် အတွင်းပြုပြင် ပြောင်းလဲမှု များ ဆက်လက်လုပ်ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးစီမံကိန်းတွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ ၏ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံကိန်းတွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက် နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံချက်ဆိုင်ရာအချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြု စီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက် အလက်များ ပါဝင်ပါသည်။

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
သရက်ကုန်းကျေးရွာ
ကြိမ်ချောင်းကျေးရွာအုပ်စု
ဝန်းသိုမြို့နယ်

သရက်ကုန်းကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဝန်းသိုမြို့နယ်

ရည်ညွှန်း- သရက်ကုန်းကျေးရွာအရင်းအမြစ်ပြမြေပုံ - သရက်ကုန်းကျေးရွာ၊ ကြိမ်ချောင်းကျေးရွာအုပ်စု၊ ဝန်းသိုမြို့နယ်တွင်ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာ သူ/ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းအကဲဖြတ်ခြင်းမှ ရယူသည်။ (၂၀၁၇၊ နိုဝင်ဘာလ ၂၅ ရက်)



ကျေးရွာ [illegible] ရာသီခွင်ပြ ပြက္ခဒိန်

လ/ အလုပ်အကိုင်	တန်ခူး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	တော်သလင်း	သီတင်းကျွတ်	တန်ဆောင်မုန်း	နတ်တော်	ပြာသို	တပို့တွဲ	တပေါင်း
အလုပ်အကိုင်												
	ငွေ- အလယ်	ငွေ- အလယ်	ငွေ- နည်း	ငွေ အများ	ငွေ အများ	ငွေ- နည်း	ငွေ- နည်း	ငွေ- နည်း	ငွေ အများ	ငွေ အများ	ငွေ- အလယ်	ငွေ- အလယ်
	-	-	-			နုတ်ပေါ်	ရိတ်-ဥပုဒ်	ရိတ်-ဥပုဒ်	ပဲစိုက်	ခရမ်းချဉ်	မြေပဲ စိုက်	-
	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ
	-	[illegible]	[illegible]	-	-	-	-	-	-	-	-	-
သီးနှံပိုးမွှားရောဂါ ကျရောက်မှု	-	-	-	-	[illegible] ပိုး	[illegible] ပိုး	-	-	-	-	-	-
	က	-	-	-	-	-	က	က	-	-	က	က
သဘာဝ ဘေးအန္တရာယ်	[illegible]	-	-	-	-	-	-	-	-	-	-	-

အပိုင်း က

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

(၁) နိဒါန်း

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်။ ။ ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေး လုပ်ငန်း အတွေ့အကြုံ များကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိ လာ ကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည် ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤစီမံကိန်းတွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာ များ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့် အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများ နှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်း များကို လည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်း နှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများနှင့် လွှတ်တော်အား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့ အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်း များအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာ နှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာ နှင့်ဆိုင် သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာ ငွေကြေး ဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု။ ။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလ တစ်ခုအတွင်း ကျွနုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြား အဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီ များကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှု ရစေကာ ဖွံ့ဖြိုးမှု ဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထု ပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုး ပေးရာ ရောက်ပါသည်။

ကျွနုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွနုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွနုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား။ ။ သရက်ကုန်းကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဝန်းသိုမြို့နယ်၏ အရှေ့မြောက်ဘက်တွင်တည်ရှိပြီး ဇရိယာ အကျယ်အဝန်းမှာ (၁)စတုရန်းမိုင်ရှိပါသည်။ ဝန်းသိုမြို့မှ(၈)မိုင်ကွာဝေးပြီး ကျေးရွာ၏အရှေ့ဘက်တွင် တောင်ဘို့လှကျေးရွာ၊ အနောက်ဘက်တွင် ကင်းမြင်သာကျေးရွာ၊ မြောက်ဘက်တွင် လှေကြီးကုန်းကျေးရွာများရှိပါသည်။

(ခ) သဘာဝအရင်းအမြစ်များ ။ ။ကျွန်တော်တို့သရက်ကုန်းကျေးရွာ၏ အနီးအနားပတ်ဝန်းကျင်တွင် ဂျင်းကျောက်တောင်များရှိပါသည်။ကျွန်တော်တို့ရွာအနီး တောင်များတွင် ဆေးဘက်ဝင် အပင်များ အမြောက်အများပေါက်ရောက်နေပါသည်။ သဘာဝတောတွင်းတိရိစ္ဆာန် မျိုးစိတ်များများစွာတွေ့ရှိရပါသည်။ ကျွဲ၊နွားတိရိစ္ဆာန်စားကျက်များလည်း ပေါများပါသည်။

(၃) လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာအချက်လက်များ။။ ကျေးရွာတွင် ဗမာလူမျိုးများ နေထိုင်ကြ ပါသည်။ အိမ်ထောင်စု(၄၀)စုရှိပြီး လူဦးရေ စုစုပေါင်း(၁၈၄)ဦးရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၅-၆)ဦးရှိပါသည်။ ကျွန်တော်တို့မြို့ငယျာရွာ၏ လူဦးရေမှာ နို့စို့အရွယ်ကျား မ ၁ဦး။ ၅နှစ်အောက်ကလေးငယ်မှာ ကျား ၇၊ မ ၄ဦး၊ မူလတန်းကျောင်းသားအရွယ် ကျား ၄ဦး၊ မ ၇ဦး၊ အလယ်တန်းအရွယ် ကျား၉ဦး၊မ ၆ဦး၊၁၅နှစ်မှ ၆၄နှစ် အလုပ်လုပ်နိုင်သည့်အရွယ်မှာ ကျား၆၄၊ မ ၇၄၊ ၆၅နှစ်နှင့်အထက် ကျား၃၊ မ ၅ဦး ဖြစ်သည်။

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ။ ။ ကျွန်တော်တို့သရက်ကုန်းရွာ၏ အဓိကစီးပွားရေးမှာ စိုက်ပျိုးရေးဖြစ်ပါသည်။ ကျွန်တော်တို့ရွာ၏ လယ်ယာစိုက်ပျိုးရေးသည် မိုးရွာမှမိုးရေကို စိုက်ပျိုးရေအဖြစ် အသုံးပြုကြပြီး တစ်သီးစားလယ်ယာများဖြစ်ကြပါသည်။ မိုးရာသီမှလွဲ၍ နွေနှင့်ဆောင်းရာသီများတွင် အခြားသီးနှံများစိုက်ပျိုး၍ အဆင်မပြေပါ။ အိမ်ထောင်စု (၄၀)အိမ်မှာ (၃၄)အိမ်သည် ကိုယ်ပိုင်လယ်ယာလုပ်ကိုင်သူများဖြစ်ကြသည်။ လယ်ယာလုပ်ကိုင်ရာတွင် အလုပ်သမားများ ၄ားရမ်းခြင်းအလွန်းနည်းပါးသည်။ ကိုယ်ပိုင်လယ်ယာပိုင်ဆိုင်သူများကြသဖြင့် မိသားစုများများ ကိုယ်ပိုင်လယ်များကိုလုပ်ကိုင်နေကြရသဖြင့် အလုပ်သမားများလည်း ခေါ်ယူရာတွင်ခက်ခဲပြီး ကိုယ်ပိုင်သာလုပ်ကိုင်ကြပါသည်။ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စုများ မရှိပါ။

သရက်ကုန်းကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးအတွက် လုပ်အားခမှာအမျိုးသားမှာ အများဆုံးကျပ် ငါးထောင်မှအနည်းဆုံးကျပ်လေးထောင်၊အမျိုးသမီးမှာ အများဆုံးကျပ်သုံးထောင်မှ

ကျပ်နှစ်ထောင် သတ်မှတ်ထားကြပါသည်။

ကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စုမှာ(၂၂)အိမ်၊ အလယ်အလတ်ရှိသော အိမ်ထောင်စုမှာ(၇)အိမ်၊မပြေလည်သောအိမ်ထောင်စုမှာ (၁၁)အိမ် ရှိပါသည်။

ကျွန်တော်တို့ကျေးရွာတွင် တခြားနေရာသို့ရွှေ့ပြောင်းသွားလာသော အိမ်ထောင်စုမှာ (၈)အိမ်ရှိပြီး၊ကျား(၁၄)ဦးဖြစ်ပါသည်။၎င်းတို့သည် ၃လအထိသွားရောက်နေထိုင်သူ (၉)ဦး၊ဖလအထိသွားရောက်နေခိုင်သူ(၅)ဦး စုစုပေါင်းအမျိုးသား(၁၄)ဦး ရွှေ့ပြောင်းအလုပ်လုပ်ကိုင်ရန် သွားရောက်ကြပါသည်။

ကျေးရွာတွင် ပိုမိုကောင်းမွန်သောအလုပ်အကိုင်နှင့်အခွင့်အလမ်းများရှာဖွေရန် သွားရောက်နေထိုင်သူ(၁၂)ဦးရှိပြီး အမျိုးအမည်ခွဲခြားမဖော်ပြနိုင်သော အမျိုးသား(၂)ဦးရှိပါသည်။

ရွှေ့ပြောင်းလုပ်ကိုင်နေကြသူများထဲမှ ပြန်ပို့ငွေကိုမှီခိုနေရသောအိမ်ထောင်စု (၄)အိမ် ရှိပါသည်။ပြန်ပို့ငွေပို့သောသူအများဆုံးပို့သူ(၃)ဦး၊အလယ်အလတ်ပို့သူ(၁)ဦးရှိပါသည်။ငွေလွှဲပို့လုပ်ငန်း(ဟွန်ဒီ)ဖြင့်ပို့သူ(၂)ဦး၊ဘဏ်မှပို့သူ(၂)ဦး၊လူကြုံဖြင့်ပို့သူ(၂)ဦး စုစုပေါင်း(၆)ဦးရှိပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှု နှင့် ထိခိုက်နစ်နာလွယ်မှု ။ ။ ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စုမှာ(၂၂)အိမ်၊ အလယ်အလတ်ရှိသော အိမ်ထောင်စုမှာ(၇)အိမ်၊ မပြေလည်သော အိမ် ထောင်စုမှာ (၁၁)အိမ် ရှိပါသည်။

ကျွန်တော်တို့ကျေးရွာတွင် ဝမ်းစာဖူလုံမှုမရှိသောအိမ်ထောင်စု(၁၇)အိမ်ရှိပြီး ၃လ အောက် ဝမ်းစာဖူလုံမှုမရှိသော အိမ်ထောင်စုမှာ(၇)အိမ်၊၃လမှဖလအထိဝမ်းစာဖူလုံမှုမရှိသောအိမ်ထောင်စုမှာ (၄) အိမ်၊ဖလမှ၁၂အထိဝမ်းစာဖူလုံမှုမရှိသောအိမ်ထောင်စုမှာ(၆)အိမ်ရှိပါသည်။၎င်းတို့သည် ချေးငွေများချေးယူကာ ဝမ်းစာရေးအတွက်ဖြေရှင်းကြရပါသည်။

ကျွန်တော်တို့ရွာတွင် မိသားစုမရှိသော သက်ကြီးရွယ်အိုများမရှိပါ။ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများလည်းမရှိပါ။အခြားဒေသများသို့ အချိန်ကြာမြင့်စွာသွားရောက်နေထိုင်သော အိမ်ထောင်စုများလည်းမရှိပါ။

ကျွန်တော်တို့ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံမှုမှာ အနည်းငယ်သာရှိပါသည်။ သဘာဝအရင်းအမြစ်များ အသင့်တင့်ရှိပါသည်။ရေကြီးခြင်းများ၊မိုးခေါင်ခြင်းများ အနည်းငယ်ကြုံတွေ့ ရပါသည်။မုန်တိုင်းနှင့်ငလျင်၊မီးဘေးအန္တရယ်ကျရောက်များမရှိပါ။ဌက်ဖျားရောဂါ၊တီဘီရောဂါအနည်းငယ်ဖြစ်ပွားကြပါသည်။ပြည်တွင်း ပဋိပက္ခများမရှိပါ။လူကုန်ကူးခြင်းများမရှိပါ။

သရက်ကုန်းကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့်အိမ်ထောင်စုများ မရှိပါ။မြေယာမဲ့ဆင်းရဲသားတောင်သူအနည်းငယ်သာရှိပါသည်။ကျွန်တော်တို့ဝန်းသိုမြို့နယ်သည် မြစ်ဘေးတွင် တည်ဆောက်ထားသောမြို့နယ်မဟုတ်သဖြင့် ကျွန်တော်တို့ကျေးရွာသည် မြစ်ကမ်းဘေးနေထိုင်သူများမရှိပါ။နေရပ်ကိုစွန့်ခွာသွားသောသူများမရှိပါ။မြေနိမ့်ပိုင်းတွင် နေထိုင်သူများ မရှိပါ။လက်လုပ်လက်စားကျပန်းအနည်းငယ်ရှိပါသည်။မူးယစ်ဆေးစွဲသူများလည်း အနည်းငယ် ရှိပါသည်။ကူးစက်ရောဂါခံစားနေရသူများမရှိပါ။

(ဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ။ ။ကျွန်တော်တို့သရက်ကုန်းကျေးရွာ၏ ပညာရေးမှာ အလွန် မှေးမှိန်လွန်းလှပါသည်။ ရွာသူ/ရွာသားများသည် မူလတန်းကျောင်းထွက်ဦးရေ ပိုများ လှပါသည်။ စာမတတ်သူများမရှိပါ။မူလတန်းအဆင့်ပညာသင်ကြားခဲ့ဖူးသော လူဦးရေမှာ ကျား (၄၃)ဦး၊ မ(၅၈)ဦးရှိပါသည်။အလယ်တန်းအဆင့်ပညာသင်ကြားခဲ့ဖူးသောလူဦးရေမှာ ကျား(၂၆) ဦး မ(၂၈)ဦး ရှိပါသည်။အထက်တန်းအဆင့်ပညာသင်ကြားခဲ့ဖူးသောလူဦးရေမှာ ကျား(၈)ဦးမ(၄)ဦးရှိပြီး တက္ကသိုလ်တက်ရောက် ဖူး၍ဘွဲ့ရသောသူမှာ ကျား (၃)ဦး၊မ(၂)ဦးရှိပါသည်။ဘွဲ့ရပညာတတ် အလွန်နည်းပါးလှပါသည်။ ယခုလက်ရှိ ကျွန်တော်တို့ ကျောင်းတွင်မူလတန်းအထိရှိပါသည်။ ကျွန်တော်တို့ရွာတွင်ရှိသည့် အတန်းထိသာ ပညာသင်ကြားနိုင်ပါသည်။ ကျောင်းသား မိဘများမှာ နေ့စား၊ ကျပန်းအလုပ်လုပ်ကိုင်၍ အသက်မွေးဝမ်းကျောင်း သူများဖြစ်ရာ သားသမီး၏ပညာရေးကို လှည့်မကြည့်နိုင်သောကြောင့် ကျောင်းသား/သူများမှာ ရွာကျောင်းအတန်းပြီးလျှင် ကျောင်းထွက် ကြရပြီး မိဘများ၏အလုပ်ကို ဝိုင်းဝန်းလုပ်ကိုင်ပြီး အသက်မွေးဝမ်းကျောင်းပြုရသော ကလေးငယ် များကပိုမိုများပြားပါသည်။ အလယ်တန်းနှင့် အထက်တန်းအဆင့်ကို တောင်ဘို့လှကျေးရွာ (အ.ထ.က)သို့လည်းကောင်း၊ ကင်းမြင်သာကျေးရွာ (အ.ထ.က)သို့လည်းကောင်း သွားရောက် တက်ရောက်ကြရပါသည်။ ကျောင်းသားကျောင်းသူများမှာ ကျောင်းဆက်နေချင်သော်လည်း အဆင်မပြေသည့် မိဘများကိုငဲ့ညာပြီး အထက်တန်းကျောင်း ပညာများကို ဆက်မတက်နိုင်တော့ပါ။ အထက်တန်း၊ အလယ်တန်း ကျောင်းနေသူ အလွန်နည်းပါး လှပါသည်။ ကျွန်တော်တို့ရွာနှင့် အထက်တန်းကျောင်းမှာ အလွန်ဝေး လှပါသည်။ ငွေကြေးတတ်နိုင် သည့်မိဘများသာ သူတို့၏သားသမီးများကို ကျောင်းထားနိုင် ကြသောကြောင့် ငွေကြေးကုန်ကျများ သော ပညာရေးဖြစ်နေပါသည်။ ကျွန်တော်တို့ရွာနှင့် ၂၃ မိုင်နှင့် ၃၂မိုင်ခန့် ဝေးသောနေရာများ၌ အထက်တန်းကျောင်းပညာကို သွားရောက်စာသင်ရပါသည်။ ထို့ကြောင့် ကျွန်တော်တို့ရွာတွင် ဘွဲ့ရပညာတတ်အလွန်နည်းပါးပါသည်။

ကျွန်တော်တို့ သရက်ကုန်းကျေးရွာ မူလတန်းကျောင်းတွင်လက်ရှိပညာသင်ယူနေသော မူလတန်းကျောင်းသား ကျား(၆)ဦး၊ မ(၉)ဦး၊အခြားရွာသို့အလယ်တန်း ပညာတက်ရောက်သင်ယူ

နေသူ ကျား(၇)ဦး၊ မ(၄)ဦး၊ အထက်တန်းပညာတက်ရောက်သင်ယူနေသူ ကျား(၂)ဦး၊ မ(၁)ဦးနှင့် တက္ကသိုလ်ကောလိပ် တက်ရောက်သူ ကျား(၁)ဦး၊မ(၁)ဦးသာ ရှိပါသည်။ ကျောင်းများတွင် ပညာသင်ကြားနေသော အချိုးနှုန်းမှာ အလွန်နည်းပါးပါသည်။ ပညာရေးကိုဦးစားမပေးနိုင်ခြင်းသည် မိဘများ၏ဥစ္စာဓနမပြည့်စုံမှု၊ လမ်းပန်းဆက်သွယ်ရေး အဆင်မပြေမှု၊ငယ်စဉ်ကတည်းက ပညာသင်ယူလိုစိတ် နည်းပါးမှုနှင့် ကျောင်းနေမပျော်ခြင်းတို့ကြောင့် ဖြစ်သည်။

(c) ကျန်းမာရေး နှင့် အာဟာရ။ ။ ကျွန်တော်တို့သရက်ကုန်းကျေးရွာတွင် မိုးဦးရာသီအစ၌ ဝမ်းလျှောရောဂါနှင့်ငှက်ဖျားရောဂါအနည်းငယ် ခံစားရသည်။ ဧပြီလနှင့် မေလများတွင် သွေးလွန်တုတ်ကွေး ရောဂါကို အနည်းငယ်ခံစားရပါသည်။ ဥတုကူးပြောင်းချိန်တွင် အသက်ရှူလမ်းကြောင်းရောဂါများ လည်းဖြစ်ကြပါသည်။ ဥပမာ။ ဓါတ်မတည့်၊ ချောင်းဆိုး၊ နှာစေးနှင့် အခြားရောဂါများဖြစ်ပါသည်။

သရက်ကုန်းကျေးရွာတွင် ကျန်းမာရေးဆေးပေးခန်းမရှိပါ။သို့သော် ကင်းမြင်သာ ကျန်းမာရေးဌာနသို့သွားရောက်၍ ကုသကြရပါသည်။လစဉ်ကျမ်းမာရေးဆရာမများမှ လစဉ်ဆေး များအား ထိုးနှံမှုများကို လာရောက်ထိုးနှံပေးကြ၍ အဆုတ်ရောဂါ၊ဆုံဆို့နာ၊ ကြက်ညာ၊ မေးခိုင်နှင့် ဝက်သက်ရောဂါများဖြစ်ပွားမှုမရှိပါ။အဟာရတိုက်ကြွေးမှုများလည်း လစဉ်၊ အပတ်စဉ် ရှိပါသည်။

ကျွန်တော်တို့ရွာတွင် ကျမ်းမာရေးဆေးပေးခန်းမရှိသောကြောင့် အနီးအနားရှိ ကင်းမြင်သာ၊ တောင်ဘို့လှကျမ်းမာရေးဆေးပေးခန်းသို့ သွားရောက်ကုသကြရပါသည်။ ဂျိုးတောင် တိုက်နယ်ဆေးရုံ၊ဝန်းသိုမြို့နယ်ပြည်သူ့ဆေးရုံသို့လည်း သွားရောက်ကုသကြရပါသည်။ ၅မိုင်မှ ၁၀မိုင်အထိ ဝေးကွာပါသည်။ကျေးရွာတွင်လည်း ဆေးဆိုင်များလည်းမရှိပါ။

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု။ ။ သရက်ကုန်းကျေးရွာတွင် လယ်ယာစိုက်ပျိုးရေး အတွက် လုပ်အားခမှာအမျိုးသားမှာ အများဆုံးကျပ် ငါးထောင်မှအနည်းဆုံးကျပ်လေးထောင်၊ အမျိုးသမီးမှာ အများဆုံးကျပ်သုံးထောင်မှ ကျပ်နှစ်ထောင် သတ်မှတ်ထားကြပါသည်။

ကျွန်တော်တို့ကျေးရွာတွင် ကျေးရွာစီမံအုပ်ချုပ်မှုစနစ်များ၌ အမျိုးသမီးများလည်း တက်ကြွစွာပူးပေါင်းပါဝင်ကြပါသည်။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း တက်တက်ကြွကြွ ပါဝင်ကြပါသည်။အမျိုးသမီးအကြမ်းဖက်မှုများ သရက်ကုန်းကျေးရွာတွင်မရှိပါ။ ဥပဒေမဲ့စည်းကမ်းမဲ့စွာနေထိုင်သူများ ကျေးရွာတွင် မရှိပါ။

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့်ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန်များစွာ အထောက်အကူပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်။ ။ကျွန်တော်တို့သရက်ကုန်းကျေးရွာတွင် ဘာသာရေးဆိုင်ရာအဖွဲ့အစည်းများလည်းရှိပြီး ဘာသာရေးပွဲများ၊လူမှုရေးပွဲများလည်း စည်းလုံးတက်ကြွစွာ ပါဝင်လုပ်ကိုင်ဆောင်ရွက်ကြပါသည်။ကျေးရွာတွင် ပရဟိတအဖွဲ့များ၊ဖွံ့ဖြိုးရေးအဖွဲ့များ၊ လမ်းကော်မတီအဖွဲ့များ၊ရေးမီးကော်မတီအဖွဲ့များ၊ကျောင်းကော်မတီအဖွဲ့များလည်းရှိကြပြီး ကဏ္ဍအသီးသီးမှ ပူးပေါင်းပါဝင်လုပ်ကိုင်ကြပါသည်။

ကျွန်တော်တို့သရက်ကုန်းကျေးရွာတွင် ပြင်ပဆိုင်ရာအဖွဲ့အစည်းများမှ ထောက်ပံ့ကူညီနေသော အဖွဲ့အစည်းများမရှိပါ။

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ။ ။ ကျွန်တော်တို့သရက်ကုန်းကျေးရွာရှိ လယ်ယာမြေ ပိုင်ဆိုင်မှုမှာ(၂၀၆.၅)ဧကရှိ၊စားကျက်မြေများ(၄၇)ဧက စုစုပေါင်း(၂၅၃.၅)ဧကရှိပါသည်။ မြေလွတ်မြေလပ်များခနိတောမြေများမရှိပါ။မြေများမှာမေဆီလွှာအရည်အသွေးမှာ အသင့်အတင့် ကောင်းမွန်ပါသည်။

သရက်ကုန်းကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု(၇)အိမ်၊ ၂.၅ဧကအောက်မှာ(၃)အိမ်၊ ၂.၅ဧက မှ၅ဧကအထိ အိမ်ထောင်စု(၅)အိမ်၊၅ဧကမှ၁၂.၅ဧကကြားမှာ(၁၉)အိမ်၊ ၁၂.၅ဧက အထက်မှာ(၆)အိမ် ဖြစ်ပါသည်။

ကျွန်တော်တို့ရွာရှိရေအရင်းအမြစ်မှာ ရေသွင်းမြောင်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်ကာ အသက်မွေးဝမ်းကြောင်းပြုကြပါသည်။ကျွန်တော်တို့ရွာသည် သောက်သုံးရေကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တူးဖော်ဆောင်ရွက်ပေးထားသော စက်ရေတွင်းဖြင့် သုံးစွဲကြပါသည်။ကျေးရွာတွင် လက်တူးတွင်းများ၊ကိုယ်ထူကိုယ်ထစိမ့်စမ်းရေများဖြင့်လဲ အသုံးပြုကြပါသည်။သို့သော် လက်တူးတွင်းများနှင့်စိမ့်စမ်းရေသည် မိုးရာသီတွင် တစ်နှစ်ပတ်လုံးရေသုံးစွဲ၍ရသော်လည်း နွေရာသီတွင် ခမ်းခြောက်ပါသည်။ထိုအခါ စက်ရေတွင်းမှရေကို အားထားကာသုံးစွဲကြရပါသည်။ဖို့ကြောင့်ကျွန်တော်တို့ရွာတွင် စိုက်ပျိုးရေးအတွက် ရေသာအနည်း ငယ်ရှားပြီး သောက်သုံးရေအတွက်မူ ရေမရှားပါးချေ။

သရက်ကုန်းကျေးရွာသည် စပါးကိုအဓိကထားစိုက်ပျိုးကြပြီး နှမ်းနှင့်ပဲအမျိုးမျိုး၊ ပြောင်းဖူးများကိုလည်း အနည်းငယ်စိုက်ပျိုးကြပါသည်။စပါးမှာ (၁)ဧကလျှင် အများဆုံးတင်း(၆၀)မှ အနည်းဆုံး တင်း(၄၅)တင်း ထွက်ရှိပါသည်။စိုက်ပျိုးကာလမှာ ၃လခွဲခန့်ကြာမြင့်ပါသည်။

ကျွန်တော်တို့ရွာတွင် လက်တွန်းထွန်စက်ပိုင်ဆိုင်သူ (၈)ဦး၊ ၄ွားရမ်းထွန်ယက်သူ(၂၂)ဦး၊ ခွေလှေ့စက်ပိုင်ဦး၊၄ွားရမ်းအသုံးပြုသူ(၈)ဦး၊မြက်ရိပ်စက်ပိုင်ဆိုင်သူ(၉)ဦး၊၄ွားရမ်းသူ(၁၀)ဦးရှိပါသည်။

သရက်ကုန်းကျေးရွာ၏ သဘာဝရေမြေအနေအထားမှာ အသင့်အတင့်ရှိပါသည်။ လယ်ယာမြေများအား အဓိကထားအသုံးချ၍ စိုက်ပျိုးကာ ဝမ်းရေး၊လူမှုရေး၊ဘာသာရေး၊ ပညာရေးတို့အတွက် ဖြေရှင်းကြရပါသည်။စိုက်ပျိုးရေအရင်းအမြစ်မှာ ရေသွင်းမြောင်းကိုသာ အားထားရသဖြင့် မိုးရာသီမှသာ စိုက်ပျိုးနိုင်သောအခြေအနေရှိပါသည်။ ချေးငွေနှင့် ဝန်ဆောင်မှု များကို စိုက်ပျိုးရေးဘဏ်၊သမဘဏ်တို့မှ အသင့်အတင့်ရရှိပါသည်။သီးနှံမျိုးစေ့ရရှိနိုင်မှုမှာလည်း လွယ်ကူပါသည်။ မြေဆီ၊မြေဩဇာရရှိမှုမှာလည်း အလွယ်တကူဝယ်ယူရရှိနိုင်ပါသည်။ လုပ်သားရရှိ နိုင်မှုအနည်းငယ်ခက်ခဲပြီး နည်းပညာပိုင်းဆိုင်ရာများ ရရှိမှုနည်းပါးပါသည်။ သီးနှံစျေးကွက် ရှိသော်လည်း လမ်းပန်းဆက်သွယ်ရေးအနေအထားအရ စျေးကောင်းရရှိမှုနည်းပါးပါသည်။

လုပ်သားရရှိ နိုင်မှုအနည်းငယ်ခက်ခဲပြီး နည်းပညာပိုင်းဆိုင်ရာများ ရရှိမှုနည်းပါးပါသည်။ သီးနှံစျေးကွက် ရှိသော်လည်း လမ်းပမ်းဆက်သွယ်ရေးအနေအထားအရ စျေးကောင်းရရှိမှုနည်းပါးပါသည်။သီးနှံဖျက်ပိုးများကျရောက်မှု အနည်းငယ်ကြုံတွေ့ရပါသည်။

သရက်ကုန်းကျေးရွာတွင် မွေးမြူရေးတစ်နိုင်တစ်ပိုင်မွေးမြူသော အိမ်ထောင်စု အနည်းငယ်ရှိပါသည်။နွားမွေးမြူသောအိမ်(၃၂)အိမ်ရှိပြီး နွားအကောင်ရေ(၁၃၅)ကောင်နှင့် ကျွဲမွေးမြူသောအိမ်(၂)အိမ်၊ကျွဲအကောင်ရေ(၁၄)ကောင်၊ဝက်မွေးမြူသောအိမ်(၂၀)အိမ်၊ဝက်အကောင်ရေ(၅၈)ကောင်နှင့် ကြက်မွေးမြူသောအိမ်(၂၇)အိမ်၊ ကြက်အကောင်ရေ(၃၃၆)ကောင် ရှိပါသည်။

မွေးမြူရေးလုပ်ငန်းများတွင်တွင်ကျယ်ကျယ်လုပ်ကိုင်ရန်အတွက် စားကျက်မြေပိုင်ဆိုင်မှုမှာ အသင့်အတင့်ရှိပါသည်။ရေရရှိနိုင်မှာလည်း အသင့်အတင့်ရှိပါသည်။တိရစ္ဆာန်မျိုးစိတ်များအား အသင့်အတင့်ဝယ်ယူနိုင်ပါသည်။ချေးငွေရရှိမှုလည်း အသင့်အတင့်ရှိပါသည်။ မွေးမြူရေး စျေးကွက်မှာလည်း အသင့်အတင့်ရှိပါသည်။မွေးမြူရေးနည်းပညာမှာ ရရှိမှုနည်းပါးပါသည်။

မွေးမြူရေးလုပ်ငန်းများအတွက် ပြဿနာအခက်အခဲများမှာ စားကျက်မြေပေါပေါများများမရှိခြင်း၊ရေပေါပေါများများမရှိခြင်း၊ချေးငွေများလိုသလောက်မရရှိနိုင်ခြင်း၊မျိုးစိတ်များအလွယ်တကူရရှိနိုင်သော်လည်း မွေးမြူရန်နည်းပညာမရရှိခြင်း၊စျေးကွက်ကောင်းသော်လည်း လမ်းပန်း

ဆက်သွယ်ရေးအခြေအနေအရ အချိန်မီမရောက်ရှိနိုင်သောကြောင့် ပြဿနာအခက်အခဲများ အနည်းငယ်ရှိပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ။ ။သရက်ကုန်းကျေး ရွာတွင် လယ်ယာစိုက်ပျိုးရေးအတွက် လုပ်အားခမှာအမျိုးသားမှာ အများဆုံးကျပ် ငါးထောင်မှ အနည်းဆုံးကျပ်လေးထောင်၊အမျိုးသမီးမှာ အများဆုံးကျပ်သုံးထောင်မှ ကျပ်နှစ်ထောင် သတ်မှတ် ထားကြပါသည်။

ကျေးရွာတွင်စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကြောင်းလုပ်ငန်းများအား တွင်တွင်ကျယ်ကျယ်လုပ်ကိုင်နိုင်ခြင်းမရှိပါ။အဘယ့်ကြောင့်ဆိုသော် ကျွန်တော်တို့ရွာသည် လမ်းပန်း ဆက်သွယ်ရေးအခြေအနေအရ အဆင်မပြေခြင်း၊နည်းပညာမရရှိခြင်း၊ တီထွင်နိုင်မှုမရှိခြင်း၊ အလုပ်အကိုင်အခွင့်အလန်းများနည်းပါးခြင်းတို့ကြောင့် ပြဿနာများကြုံတွေ့နေရပါသည်။

သရက်ကုန်းကျေးရွာတွင် အခြားအသက်မွေးဝမ်းကြောင်းလုပ်ငန်းများလုပ်ကိုင်ရန်အတွက် လမ်းပန်းဆက်သွယ်ရေးမကောင်းပါ။ကုန်ကြမ်းရရှိနိုင်မှု နည်းပါးပါသည်။လျှပ်စစ်မီးလည်းမရပါ။ အလုအ်အကိုင်အခွင့်အလန်းများလည်း နည်းပါးပါသည်။

(ဃ) ရွှေ့ပြောင်းလုပ်သားများ။ ။ ကျွန်တော်တို့ကျေးရွာတွင် တခြားနေရာသို့ ရွှေ့ပြောင်း သွားလာသော အိမ်ထောင်စုမှာ (၈)အိမ်ရှိပြီး၊ကျား(၁၄)ဦးဖြစ်ပါသည်။ထင်းတို့သည် ၃လအထိ သွား ရောက်နေထိုင်သူ (၉)ဦး၊၆လအထိ သွားရောက်နေခိုင်သူ(၅)ဦး စုစုပေါင်း အမျိုးသား (၁၄)ဦး ရွှေ့ပြောင်းအလုပ်လုပ်ကိုင်ရန် သွားရောက်ကြပါသည်။

ကျေးရွာတွင် ပိုမိုကောင်းမွန်သောအလုပ်အကိုင်နှင့်အခွင့်အလမ်းများရှာဖွေရန် သွားရောက် နေထိုင်သူ(၁၂)ဦးရှိပြီး အမျိုးအမည်ခွဲခြားမဖော်ပြနိုင်သော အမျိုးသား(၂)ဦးရှိပါသည်။

ရွှေ့ပြောင်းလုပ်ကိုင်နေကြသူများထဲမှ ပြန်ပို့ငွေကိုမှီခိုနေရသောအိမ်ထောင်စု (၄)အိမ် ရှိပါ သည်။ပြန်ပို့ငွေပို့သောသူအများဆုံးပို့သူ(၃)ဦး၊အလယ်အလတ်ပို့သူ(၁)ဦးရှိပါသည်။ငွေလွှဲပို့လုပ်ငန်း(ဟွန်ဒီ)ဖြင့်ပို့သူ(၂)ဦး၊ဘဏ်မှပို့သူ(၂)ဦး၊လူကြုံဖြင့်ပို့သူ(၂)ဦး စုစုပေါင်း(၆)ဦးရှိပါသည်။

(င) ကုန်စည် နှင့် ဝန်ဆောင်မှု ဈေးကွက်။ ။ ကျွန်တော်တို့ကျေးရွာနှင့် အနီးဆုံးဈေးမှာ (၁)မိုင်ကွာဝေးပါသည်။ သယ်ယူပို့ဆောင်ရေးနည်းမှာ ကား၊ဆိုင်ကယ်၊နွားလှည်းဖြင့် ပစ္စည်း များကို သယ်ယူရပါသည်။ မိုးတွင်းကာလတွင် လမ်းပန်းဆက်သွယ်ရေးခက်ခဲသောကြောင့် ဆိုင်ကယ်၊ နွားလှည်းကို အသုံးပြုကြသည်။ ကုန်စည်နှင့်ဝန်ဆောင်မှုရရှိနိုင်မှုမှာ လိုအပ်သည့်ပစ္စည်းများ မရနိုင်ပါ။ ဈေးအခြေခံအဆောက်အဦးမှာ အသားဖြင့်တည်ဆောက်ထားပြီး အချိန်ကာလ အလွန်

ကြာမြင့်သဖြင့် အလွန်ပင်ဟောင်းနွမ်းဆွေးမြေနေပါသည်။ သန့်ရှင်းရေးနှင့်ဝန်ဆောင်မှုမှာ အလွန်ပင်အားနည်းလှပါသည်။ အကြီးစားစျေးနှင့် (၈)မိုင်ကွာဝေးပါသည်။ သယ်ယူပို့ဆောင်ရေးမှာ ကား၊ဆိုင်ကယ်၊သုံးဘီးတို့ အများဆုံးအသုံးပြုပါသည်။ ကုန်စည်ဝန်ဆောင်မှုမှာ အသင့်အတင့်ရှိပါသည်။ စျေးအခြေခံ အဆောက်အဦးမှာကောင်းပါသည်။ ကျွန်တော်တို့ရွာမှ ထွက်ရှိသော ကုန်ကြမ်းများကို အကြီးဆုံးစျေးသို့ ရောင်းချနိုင်လျှင် အမြတ်စွန်းများပို၍ ရနိုင်ပါသည်။

(စ) ငွေကြေးလက်လှမ်းမီမှု နှင့် ဘဏ်လုပ်ငန်း။ ။ ကျွန်တော်တို့သရက်ကုန်းရွာရှိ တောင်သူလယ်သမားများကို မြန်မာ့စိုက်ပျိုးရေးဘဏ်မှ ချေးငွေရရှိပါသည်။ ၃လမှ ၆လအတွင်း ကာလတို ချေးငွေဖြစ်ပြီး မြန်မာ့စိုက်ပျိုးရေးဘဏ်အတိုးနှုန်းမှာ(၁%မှ၂%)သာဖြစ်ပါသည်။ လယ်ဂရန်များကို အပေါင်ခံ ပစ္စည်းအဖြစ် ယူဆောင်သွားရသည်။ စပါးများကို စျေးနှုန်းအခက်အခဲကြောင့် နောက်ကျမှ ရောင်းရခြင်း၊ သီးနှံစျေးနှုန်းမှန်ကန်စွာမရခြင်း တောင်သူများ ခံစားနေရပါသည်။ သမဘဏ်မှလည်း ချေးငွေရရှိပါသည်။သမဘဏ်အတိုးနှုန်းမှာ (၁%မှ၂%)အထိဖြစ်ပါသည်။ အပေါင်ပစ္စည်းပေးရန် မလိုပါ။ကျေးရွာတွင်ပုဂ္ဂလိကအသေးစားချေးငွေများ ချေးပေးကြပါသည်။ အပေါင်ပစ္စည်းပေးရန် မလိုပါ။

(ဆ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစိမ်ခန့်ခွဲမှု။ ။ ကျွန်တော်တို့ရွာတွင် သတ္ထုနှင့် အခြားတွင်းတွက်သယံဇာတပစ္စည်းများဖြစ်သော ရေနံ၊ဓာတ်ငွေ့၊ကျောက်မျက်များ မထွက်ရှိပါ။ကျောက်၊သဲကျောက်၊ကျောက်စရက်၊ဂျင်းမြေများထွက်ရှိသော တောင်များရှိပါသည်။ သဘာဝမျိုးစိတ်ပင်များလည်း ရှိပါသည်။သဘာဝတိရစ္ဆာန်မျိုးစိတ်များ အများအပြားရှိပါသည်။

ကျွန်တော်တို့ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံမှုမှာ အနည်းငယ်သာရှိပါသည်။ သဘာဝအရင်းအမြစ်များ အသင့်တင့်ရှိပါသည်။ရေကြီးခြင်းများ၊မိုးခေါင်ခြင်းများ အနည်းငယ်ကြုံတွေ့ ရပါသည်။မုန်တိုင်းနှင့်ငလျင်၊မီးဘေးအန္တရယ်ကျရောက်များမရှိပါ။ငှက်ဖျားရောဂါ၊တီဘီရောဂါအနည်းငယ်ဖြစ်ပွားကြပါသည်။ပြည်တွင်း ပဋိပက္ခများမရှိပါ။လူကုန်ကူးခြင်းများမရှိပါ။

ကျွန်တော်တို့ရွာသည် လွန်ခဲ့သောနှစ်ကာလအတွင်း သဘာဝသစ်တော၊ စိမ့်စမ်းရေထွက်ရှိသော နေရာများနှင့် တိရိစ္ဆာန်များ ပေါများသောဒေသဖြစ်ပါသည်။ လက်ရှိအချိန်တွင် တရားမဝင်သစ်ခိုးထုတ်မှုနှင့် စည်းကမ်းမဲ့၊ သစ်ခုတ်ခြင်းများကြောင့် သဘာဝမှရသော မြေဆီ၊ မြေဩဇာများနည်းပါးလာခြင်း၊ ချောင်း၊ မြောင်းများနှင့် စိမ့်စမ်းရေများ၌ ရေနည်းပါးလာခြင်း၊ စိုက်ပျိုးမြေယာများ အစိုဓာတ်ထိမ်း သိမ်းမှု မရှိခြင်းတို့ဖြစ်ပါသည်။ သဘာဝသစ်တောများ ပျက်စီးလာခြင်းကြောင့် ကျွန်တော်တို့ အနေနဲ့ရွာနီး ပတ်ဝန်းကျင်ရှိ သစ်တောများကို ကျွန်တော်တို့ရွာသူ၊သားများက ကျေးရွာပိုင်သစ်တောအဖြစ် ထိန်းသိမ်းလျက်ရှိပါသည်။ သစ်ပင်များစိုက်ပျိုးရန် စီစဉ်နေပါသည်။

(၉) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး။ ။ ကျွန်တော်တို့သရက်ကုန်းကျေးရွာတွင် မူလတန်းကျောင်းသာလျှင်ရှိပါသည်။ အလယ်တန်းနှင့်အထက်တန်းပညာရေးကို ကင်းမြင်သာအထက်တန်းကျောင်း၊တောင်ဘို့လှအထက်တန်းကျောင်းသို့တက်ရောက်သင်ကြားကြရပါသည်။သရက်ကုန်းကျေးရွာမှ အကွာအဝေးမိုင်(၀မိုင်မှ၁မိုင်)အတွင်းရှိပါသည်။ စက်ဘီး၊ဆိုင်ကယ်၊ခြေလျင်ဖြင့် တက်ရောက်ကြပါသည်။သရက်ကုန်းကျေးရွာ၏ မူလတန်းကျောင်းဆောင်မှာ အသင့်အတင့်ကောင်းမွန်ပါသည်။ကင်းမြင်သာနှင့်ဆောင်ဘို့လှကျေးရွာတို့၏ အထက်တန်းကျောင်း များမှာ အုတ်ညှပ်နှစ်ထပ်ဆောင်များဖြစ်ကြပြီး ကောင်းမွန်လှပါသည်။ ကလေးငယ်များ ဘေးကင်းလုံခြုံစွာသင်ယူနိုင်ကြပါသည်။ကျောင်းသုံးပရိဘောဂမှာ ကျွန်တော်တို့ရွာတွင် မလောက်ငှပါ။ ဆရာ၊ဆရာမအင်အားလည်း မလောက်ငှပါ။အဟာရတိုက်ကျွေးမှု အပတ်စဉ်ရှိပါသည်။

ကျွန်တော်တို့ကျေးရွာတွင် ကျောင်းသားအင်အားနှင့်ဆရာ၊ဆရာမအချိုးမှာ မမျှတပါ။ မသန်စွမ်းသော ကျောင်းသားကလေးများမရှိပါ။ထိုသူများအတွက် အထူးအစီအစဉ်များလည်း မရှိပါ။ ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာလုံလောက်မှုလည်းမရှိပါ။ဆင်းရဲ၍ ကျောင်းမတက်နိုင်သော မိသားစုများမှ ကလေးငယ်များလည်းရှိပါသည်။ကျောင်းအားကစားဆိုင်ရာပစ္စည်းများလည်း မရှိပါ။ မိဘဆရာအသင်းကဏ္ဍမှာ တက်ကြွစွာ ပါဝင်လှုပ်ရှားနိုင်ကြပါသည်။

ကျွန်တော်တို့သရက်ကုန်းကျေးရွာတွင် မိုးဦးရာသီအစ၌ ဝမ်းလျှောရောဂါနှင့် ငှက်ဖျားရောဂါအနည်းငယ် ခံစားရသည်။ ဧပြီလနှင့် မေလများတွင် သွေးလွန် တုတ်ကွေး ရောဂါကို အနည်းငယ်ခံစားရပါသည်။ ဥတုကူးပြောင်းချိန်တွင် အသက်ရှူလမ်းကြောင်း ရောဂါများ လည်းဖြစ်ကြပါသည်။ ဥပမာ။ ဓါတ်မတည့်၊ ချောင်းဆိုး၊ နှာစေးနှင့် အခြားရောဂါများ ဖြစ်ပါသည်။

သရက်ကုန်းကျေးရွာတွင် ကျန်းမာရေးဆေးပေးခန်းမရှိပါ။သို့သော် ကင်းမြင်သာကျန်းမာရေးဌာနသို့သွားရောက်၍ ကုသကြရပါသည်။လစဉ်ကျမ်းမာရေးဆရာမများမှ လစဉ်ဆေး များအား ထိုးနှံမှုများကို လာရောက်ထိုးနှံပေးကြ၍ အဆုတ်ရောဂါ၊ဆုံဆို့နာ၊ ကြက်ညာ၊ မေးခိုင်နှင့် ဝက်သက်ရောဂါများဖြစ်ပွားမှုမရှိပါ။အဟာရတိုက်ကြွေးမှုများလည်း လစဉ်၊ အပတ်စဉ် ရှိပါသည်။

ကျွန်တော်တို့ရွာတွင် ကျမ်းမာရေးဆေးပေးခန်းမရှိသောကြောင့် အနီးအနားရှိ ကင်းမြင်သာ၊ တောင်ဘို့လှကျမ်းမာရေးဆေးပေးခန်းသို့ သွားရောက်ကုသကြရပါသည်။ ဂျီးတောင် တိုက်နယ်ဆေးရုံ၊ဝန်းသိုမြို့နယ်ပြည်သူ့ဆေးရုံသို့လည်း သွားရောက်ကုသကြရပါသည်။ ၅မိုင်မှ ၁၀မိုင်အထိဝေးကွာပါသည်။ကျေးရွာတွင်လည်း ဆေးဆိုင်များလည်းမရှိပါ။

ကျွန်တော်တို့သရက်ကုန်းကျေးရွာတွင် လက်တူးတွင်း(၂၃)တွင်း၊ တုံကင်တွင်း၁၀)တွင်း၊ စက်ရေတွင်း(၁)တွင်းနှင့်စိမ့်စမ်းရေသွယ်လည်း ရှိပါသည်။နွေ၊မိုး၊ဆောင်းဥတုသုံးပါးစလုံး အသုံးပြုနိုင်ကြပါသည်။

သရက်ကုန်းကျေးရွာတွင် ကျန်းမာရေးအခြေအနေအရ အဓိကအရေးပါလှသော ယင်လုံအိမ်သာများမှာ အိမ်ခြေ(၄၀)လုံးရှိကြပါသည်။ကျန်းမာရေးဗဟုသုတများ လိုက်စားသောကျေးရွာတစ်ရွာဖြစ်ပါသည်။

(စျ) အခြေခံ အဆောက်အဦများအား လက်လှမ်းမီမှု (လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်း နှင့် ဆက်သွယ်ရေး) ။ ။ ကျွန်တော်တို့သရက်ကုန်းရွာ၏ လမ်းများနှင့် ကျေးရွာချင်းဆက်သွားလာသောလမ်းများသည် မြေသားလမ်းများဖြစ်၍ မိုးရာသီ၌ ရွာထဲလမ်းများနှင့် အဓိကလမ်းမကြီးသည် လူများ၊ ဆိုင်ကယ်များသွားလာရာတွင် အလွန်ခက်ခဲလျှက်ရှိပါသည်။ ရွာ၏ချဉ်းကပ်လမ်းများနှင့် အဓိကလမ်းမကြီးများရှိ ရေကျော်များသည် မိုးများလျှင် ရေအလွန်များသောကြောင့် အရေးပေါ်သွားလာသူများ အလွန်အမင်း ဒုက္ခရောက်လျှက် ရှိပါသည်။ ပွင့်လင်းရာသီရောက်လျှင်လည်း မိုးများထားသောကြောင့် ရေတိုက်စားခြင်း ၊ချိုင့်ခွက်များရှိကာ တစ်ရွာမှ တစ်ရွာကို သွားလာရာတွင် ကြန့်ကြာမှုရှိပါသည်။

ကျွန်တော်တို့ရွာသို့ လာရာကျေးရွာချင်းဆက်လမ်းပေါ်တွင် ကွန်ကရစ်တံတားတစ်စင်းရှိပါသည်။ခိုင်ခံ့ကောင်းမွန်မှုရှိပါသည်။

ကျွန်တော်တို့ရွာ၏ သယ်ယူပို့ဆောင်ရေးစနစ်မှာ ဆိုင်ကယ်နှင့် နွားလှည်းများကိုသာ အများဆုံး အသုံးပြုပါသည်။သုံးဘီး၊ကား၊ထော်လာဂျီများဖြင့် သယ်ယူပို့ဆောင်သူ အနည်းငယ်ရှိပါသည်။ မိုးရာသီ၌ လမ်းပန်းဆက်သွယ်ရေးမကောင်းသောကြောင့် နွားလှည်းနှင့် ဆိုင်ကယ်များကိုသာ အများဆုံးအသုံးပြုရပါသည်။ ကျေးရွာတွင် စက်ဘီး(၁၈)စီး၊မော်တော်ဆိုင်ကယ်(၄၀)စီး၊ နွားလှည်း(၂၄)စီးရှိပါသည်။

ကျွန်တော်တို့ရွာ၏ လျှပ်စစ်မီးရရှိမှုအခြေအနေမှာ ဆိုလာမီးအသေးစားများကိုသာ အသုံးပြုကြပါသည်။ ဆိုလာမီးမလင်းသည့် အိမ်များလည်းရှိပါသည်။ ယခင်က ဒီဇယ်အင်ဂျင်ဖြင့် မီးပေးစနစ် ရှိသော်လည်းလက်ရှိငွေကြေးအခြေအနေကြောင့် အသေးစားဆိုလာ၊ ဖယောင်းတိုင်မီးနှင့် ရေနံဆီ မီးအိမ်များကိုသာ အသုံးပြုကြသည်။ ရွာရှိ ကျောင်းသားသူငယ်များမှာလည်း ဆိုလာမီးမှိတ်တုတ်၊ မှိတ်တုတ်နှင့်စာကျက်၍ ပညာကိုဆည်းပူးနေကြရပါသည်။

ကျွန်တော်တို့သရက်ကုန်းရွာတွင် ဆက်သွယ်ရေးတွင် ဖုန်း(၆၄)လုံး၊ တီဗွီ(၁၃)လုံးနှင့် PSI စလောင်း(၁၀)လုံး ပိုင်ဆိုင်ကြပါသည်။ ဆိုလာမီးစနစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ဆောင်မှုညံ့ဖျင်းမှုကြောင့် မြန်မာကားအနည်းငယ်သာ ဖမ်းယူနိုင်ပြီး အများစုမှာ နိုင်ငံခြားလိုင်းများဖြစ်သည်။ တီဗွီအစီအစဉ်များကို အချိန်ပြည့်မကြည့်ရှုနိုင်ပါ။ မိုးရာသီတွင် ရာသီဥတုဆိုးရွားမှုနှင့် ဆိုလာစနစ်ကြောင့် တီဗွီရှိသော်လည်း မီးအခြေအနေကြောင့် မကြည့်ရသေးသော အိမ်များရှိပါသည်။

(ည) လူငယ် နှင့် ယဉ်ကျေးမှု။ ။ ကျွန်တော်တို့ရွာတွင် လူငယ်မောင်မယ်များသည် ရိုးရာယဉ်ကျေးမှုကို အလေးထားသူများဖြစ်ကြပါသည်။ ရိုးရာပွဲတော်၊ ဘာသာရေးပွဲတော်များကို အလေးထား ဆောင်ရွက်ကြပါသည်။ လူမှုရေးလုပ်ငန်းများတွင် လူငယ်အဖွဲ့စည်းများ တက်ညီ လက်ညီပါဝင်ဆောင်ရွက်ကြပါသည်။ ကျွန်တော်တို့ရွာတွင် လူငယ်အားကစားကွင်းများ၊ ကာယ လေ့ကျင့်ခန်းများ ဆောင်ရွက်ရန် နေရာအထောက်အကူပစ္စည်းများမရှိခြင်း၊ လူငယ်များ အနားယူအပန်းဖြေစရာ ပန်းခြံ၊ စာကြည့်တိုက်များ၊ လူငယ်ရိပ်သာများမရှိခြင်းတို့ကြောင့် လူငယ် များ လေ့လာမှုတစ်ရပ်အားနည်းနေပါသည်။ ထိုအရာများအားလုံးမရှိခြင်းကြောင့် အသိပညာ၊ ဗဟုသုတ၊ စဉ်စားချင့်ချိန်နိုင်စွမ်းလျော့နည်းလာပြီး မူးယစ်ဆေးဝါးများကို သုံးစွဲလာကြပြီး ရွာသည် မဖွံ့ဖြိုးတော့ပဲ ဆင်းရဲလာကြပါသည်။ လူငယ်များသည် သမရိုးကျ လယ်ယာများကို မိဘနှင့်အတူ စိုက်ပျိုးကြပြီး စားဝတ်နေရေးအတွက်ပြည်ပသို့ သွားရောက်စီးပွားရှာကြပါသည်။ ရွာတွင် လက်မှ ပညာတတ်မြောက်သူနှင့် အသက်မွေးဝမ်းကျောင်း ပြုသူရှားပါးမှုကြောင့် လူငယ်များ ပျက်စီးဆုံးရှုံး နေရပါသည်။ ရွာ၏လူငယ်များကို ပြင်ပအဖွဲ့စည်းများနှင့် အစိုးရအဖွဲ့အစည်းများမှ အသိပညာ၊ အတတ်ပညာသင်တန်းပို့ချမှုနှင့် အခြား ဝန်ဆောင်မှုများရရှိလျှင် အလွန်ပင်အဖိုးတန်သော လူငယ် များ အမြောက်အများ ထွက်ရှိလာမည် ဖြစ်သည်။

(ဋ္ဌ) တည်ငြိမ်အေးချမ်းမှု နှင့် ပြည်သူ့လုံခြုံရေး။။။ ကျွန်တော်တို့သရက်ကုန်းကျေးရွာ၏ လုံခြုံရေးအခြေအနေမှာ အသင့်အတင့်သာရှိသည်။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် ဖြန့်ဝေခြင်းဆိုင်ရာ အထောက်အကူပြု အဆောက်အဦးများမရှိပါ။ ကျွန်တော်တို့ရွာတွင် အဖြစ်များဆုံးအမှုမှာ ခိုးမှု၊ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှု၊ ခိုက်ရန်ဖြစ်ပွားမှုတို့ ဖြစ်သည်။ လူကုန်ကူးမှုနှင့် အကြမ်းဖက် လုယက်မှုများမရှိပါ။ နွေရာသီတွင် မူးယစ်ဆေးဝါးသုံးစွဲသူများသည် ကျွဲ၊နွား၊များကို ခိုးယူရောင်းချ၍ သူတို့၏လိုအင်ဆန္ဒကိုဖြည့်ဆည်းကြသည်။ ထို့ကြောင့် မူးယစ်ဆေးဝါးသည် ကျွန်တော်တို့ရွာ၏အဓိကရန်သူဖြစ်၍အထက်အရာရှိများက တင်းတင်း ကြပ်ကြပ် လုပ်ဆောင်သင့်ပါသည်။ မူးယစ်ဆေးဝါးပေါများသဖြင့် ညအခါသွားလာရာတွင် အန္တရာယ် အလွန်ပင်များပါသည်။ မူးယစ်ဆေးဝါးရောင်းချသူများနှင့် သုံးစွဲသူများကို အဘယ်ကြောင့် ဖမ်းဆီး မရသည်ကို စဉ်းစား မရပါ ။

ကျွန်တော်တို့သရက်ကုန်းကျေးရွာ၏ မှုခင်းဖြစ်ပွားမှုအခြေအနေမှာ ဆေးသမားများ ပေါများခြင်းကြောင့် ဆေးကြောင်ကြောင်နေခြင်း၊ ဆေးသုံးစွဲရန်ပိုက်ဆံများအလွန်အမင်း လိုအပ်မှု ရှိနေသောကြောင့် ခိုးယူမှု အနည်းငယ်ရှိပါသည်။ လူကုန်ကူးမှု၊လူသတ်မှုများ၊ အကြမ်းဖက်မှု မရှိပါ။ကျွတ်တော်တို့ကျေးရွာတွင် ရဲစခန်းမရှိပါ။ဝန်းသိုမြို့နယ်ရဲစခန်းမှ ထိန်းသိမ်းကွပ်ကဲမှု ပေးပါသည်။

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ အကျဉ်းချုပ်

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်သော အခြေအနေကောင်းများ အသင့်အတင့်ရှိပါသည်။ လူငယ်လူရွယ်များနှင့်ရွာသူရွာသားများသည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို တက်ကြွစွာပူးပေါင်းဆောင်ရွက်ကြပါသည်။ စိုက်ပျိုးရေးအတွက် လယ်ယာမြေများရှိပြီး မြေဩဇာအသင့်အတင့်ကောင်းမွန်ပါသည်။ မွေးမြူရေးတွင်လည်း နွား၊ကြက်၊ ဝက်များကို တိုးချဲ့မွေးမြူနိုင်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် တက်ကြွမှုရှိပါသည်။ သစ်တောထွက်ပစ္စည်းများ၊ သဘာဝတိရိစ္ဆာန်မျိုးစိတ်များ ပေါများပါသည်။ကျောက်၊ သဲများ ပေါများစွာ ရရှိနိုင်ပါသည်။

(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာတွင် ရေကိုသိုလှောင်မထားနိုင်ခြင်းကြောင့် မိုးရေကိုသာမှီခိုအားထား၍ စိုက်ပျိုးနေကြရပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နေရ သော်လည်း နည်းပညာ၊ ဗဟုသုတတတ်မြောက်မှု အားနည်းကြပါသည်။ မွေးမြူ ရေးလုပ်ငန်းများကို တိုးချဲ့လုပ်ဆောင်ရန် ချေးငွေလိုသလောက်မရပါ။ အလုပ်အကိုင် အခွင့်အလမ်းရှားပါးခြင်းကြောင့် စိုက်ပျိုးရာသီပြီးချိန်တွင် အခြားဒေသများသို့ သွားရောက်၍ ဝင်ငွေရှာဖွေကြရပါသည်။ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ လုပ်ကိုင်ရန် အခွင့်အလမ်းရှိသော်လည်း နည်းပညာ၊ ဗဟုသုတ၊ ချေးငွေ၊ စျေးကွက် နှင့် လျှပ်စစ်မီးများလက်လှမ်းမမီကြပါ။ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းကြောင့် ထွက်ကုန်များ အချိန်မီစျေးကွက်သို့ မတင်ပို့နိုင်ကြခြင်းသည်လည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားများ ဖြစ်နေပါသည်။ ထို့ပြင် မူးယစ်ဆေးဝါးသုံးစွဲသူများပြားလာခြင်းကြောင့် စားနပ်ရိက္ခာမဖူလုံခြင်း၊ ကူးစက်ရောဂါရရှိသူများပြားလာပြီး ဦးဆောင်နိုင်သော အမျိုးသားများ နည်းပါးလာခြင်းကြောင့် မြေယာမဲ့ဆင်းရဲသားတောင်သူများ၊ လက်လုပ်လက်စား ကျပန်းများနှင့် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသားအိမ်ထောင်စုများ၊ လှည့်လည်သွားလာ၍ စျေးရောင်းရသူများ ပေါများလာခြင်းသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအဟန့်အတားများ ဖြစ်နေပါသည်။

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ

(က) ရည်မှန်းချက် ပန်းတိုင်

ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာများကို ကျေးရွာလူထု ပူးပေါင်းပါဝင်မှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်တွင် ရေးဆွဲထားပါသည်။ ကျွန်တော်တို့ ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသည် ကျေးရွာဖြစ်သည့် အားလျော်စွာ နောင်ငါးနှစ်အတွင်း လုပ်ကိုင် ဆောင်ရွက်သွားမည့် ရည်မှန်းချက်ပန်းတိုင်များနှင့် နည်းဗျူဟာများကို စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အသေးစား၊ အလတ်စား ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်လာစေရန် အောက်ပါအတိုင်း ချမှတ်ခဲ့ပါသည်။

က၊၁) စိုက်ပျိုးထုတ်ကုန်များတိုးတက်ထုတ်လုပ်ခြင်း၊ မွေးမြူရေးတိရိစ္ဆာန်များ တိုးတက်မွေးမြူ ခြင်း၊ တစ်နိုင်တစ်ပိုင် အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ခြင်း အားဖြင့် အလုပ်အကိုင်အခွင့်အလမ်းများပေါများလာပြီး မိသားစု ဝင်ငွေတိုးလာစေရမည်။

က၊၂) အခြေခံ ပညာရေး၊ ကျန်းမာရေး၊ ရေ နှင့် သန့်ရှင်းရေး၊ လမ်းပန်းဆက်သွယ်ရေး နှင့် ကျေးရွာမီးလင်းရေးစသည့် လူမှုအခြေခံအဆောက်အဦးများ လက်လှမ်းမီမှု တိုးတက်လာပြီး ကျေးရွာလူထု၏ လူမှုဘဝအဆင့်အတန်း ပိုမိုတိုးတက်လာ စေရမည်။

(ခ) ဖွံ့ဖြိုးရေးဗျူဟာ

ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျေးရွာအတွင်း အဟန့်အတားများ၊ စိန်ခေါ်မှုများ ကိုကျော်လွှားနိုင်ရန် ဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေသော အလားအလာ အထောက်အပံ့များကို အသုံးချ၍ အောက်ပါဖွံ့ဖြိုးရေးဗျူဟာများကို သက်ဆိုင်ရာဌာနများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာလူထု များ ပူးပေါင်းပါဝင်ခြင်းဖြင့် ဖော်ထုတ် ထားပါ သည်။

(၁) ကျေးရွာ၏စိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာစေရန် ဆည်မြောင်းဦးစီးဌာနနှင့် ချိတ်ဆက်၍ စိုက်ပျိုးရေ တစ်နှစ်ပတ်လုံး လုံလောက်စွာရရှိရန် ချိတ်ဆက်ဆောင်ရွက်ရမည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်၍ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ၊ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ခြင်းနည်းပညာများ၊ ဘက်စုံပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းများ၊ မြေဆီလွှာနှင့်မြေဩဇာအသုံးပြုနည်းများစသော စိုက်ပျိုးရေးနည်းပညာများကို ချိတ်ဆက်ရယူသွားရမည်။ အာမခံချက်ရှိသော သီးနှံထုတ်ကုန်ဈေးနှုန်းများရရှိရန် မြို့နယ်သီးနှံကုန်သည်များ၊ လုပ်ငန်းရှင်များနှင့် ချိတ်ဆက်လုပ်ဆောင်သွားရမည်။ မြို့နယ်တိရိစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ပူးပေါင်း၍ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများအတွက် အခြေခံမွေးမြူရေးနည်းပညာနှင့် ကာကွယ်ဆေးကုသဆေးများလက်လှမ်းမီရန် လုပ်ဆောင်သွားရန်ဖြစ်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေး

စားအလတ်စားစီးပွားရေးလုပ်ငန်းများအတွက် ချေးငွေအစီအစဉ်များနှင့် ချိတ်ဆက်ခြင်းများ ပြုလုပ်သွားရမည်။

(၂) ကျေးရွာ၏ ပညာရေးတက်မြောက်မှုတိုးတက်လာစေရန် မိဘဆရာပူးပေါင်း၍ ဆောင်ရွက်ခြင်း၊ သင်ကြားရေးအထောက်အကူပြုများ ဖြည့်ဆည်းခြင်း၊ ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်း၊ ဆရာဆရာမများ ပြည့်စုံအောင် ဆောင်ရွက်ခြင်း၊ ပြုလုပ်သွားမည်။ တစ်ကိုယ်ရေကျန်းမာရေးစောင့်ရှောက်မှုအတွက် အခြေခံကျန်းမာရေးစောင့်ရှောက်မှု နှင့် ဝန်ဆောင်မှုများ ချိတ်ဆက်ခြင်း၊ တစ်နှစ်ပတ်လုံး ရေရရှိအောင် စိမ့်စမ်းရေသွယ်ယူခြင်း၊ ရေလှောင်ကန်များ တည်ဆောက်ခြင်းတို့ကို လုပ်ဆောင်ကြရပါမည်။ ထို့အပြင် လူငယ်များစာပေဗဟုသုတလက်လှမ်းမီရန် စာဖတ်အလေ့အကျင့်ဖြစ်လာစေရန် စာကြည့်တိုက် အသင်းများဖွဲ့စည်းခြင်း၊ စာအုပ်စာပေများ လက်လှမ်းမှီရန် ပြန်/ဆက်ဌာနများနှင့်ချိတ်ဆက် ခြင်း၊ စာပေဟောပြောပွဲ၊ ဆွေးနွေးပွဲများဖန်တီး ပေးခြင်း၊ လူငယ်စွမ်းရည် မြှင့်တင်ရေး လုပ်ငန်းများမိတ်ဆက်ပေးခြင်း၊ စာဖတ်ရန်အလေ့အထ ထွန်းကားရန် အသိနှိုးဆော်ခြင်း၊ လူငယ်များအား အားကစားလှုပ်ရှားမှုများလက်လှမ်းမီရန် ဖန်တီးပေးရန် တို့ဖြစ်ပါသည်။ ပညာရေး၊ ကျန်းမာရေးနှင့် ကူးသန်းသွားလာရေးအတွက် ကျေးရွာတွင်းလမ်း၊ ချဉ်းကပ်လမ်းနှင့် ရွာချင်းဆက်လမ်းများကို အဆင့်မြှင့်တင်ခြင်း၊ တံတားများတည်ဆောက်ခြင်း၊ အိမ်တိုင်း ဆိုလာမီးများတပ်ဆင်ခြင်း၊ ယင်းမှတဆင့် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးသွယ်တန်းခြင်းများ ပြုလုပ်သွားခြင်းဖြင့် ကျေးရွာ၏ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးလာစေရမည်။

(၇)။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

ဤကဏ္ဍသည် ကျေးရွာလူထုကိုယ်တိုင် မဖြေရှင်းနိုင်သော ပြဿနာများအတွက် နိုင်ငံတော် အဆင့်မှ မူဝါဒဆိုင်ရာ အရေးထားဆောင်ရွက်မှုနှင့် အစီအစဉ်ကျသော ပံ့ပိုးမှုများအပြင် ဒေသအဆင့်၊ မြို့နယ်အဆင့်တို့မှ အစီအစဉ်ကျသော ထောက်ပံ့မှုများ၊ ချိတ်ဆက်မှုများ လုပ်ဆောင်နိုင်ရန် ရည်ညွှန်းပါသည်။

(က) ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသောကျေးရွာတစ်ရွာဖြစ်သည့်အတွက် စိုက်ပျိုး ရေလုံလောက်စွာရရှိရေးသည် စိုက်ပျိုးထုတ်လုပ်မှုနှင့် အထွက်နှုန်းတိုးတက်ရန်အတွက် များစွာ အရေးကြီးပါသည်။ စိုက်ပျိုးရေလုံလောက်ရန် ငွေကြေး၊ နည်းပညာများကို ဆည်မြောင်းဌာန၊ အခြားသက်ဆိုင်ရာ ဌာနများမှ လိုအပ်သော နည်းပညာ၊ ငွေကြေးပံ့ပိုးနိုင်ရန် မူဝါဒများ၊ အစီအစဉ်များ ချမှတ်ရန် လိုအပ်မည်။ ထို့အပြင် ပိုးမွှားရောဂါကျရောက်ခြင်း၊ မျိုးကောင်းမျိုးသန့်များ မသုံးနိုင်ခြင်းများကြောင့် နှစ်စဉ်နှစ်တိုင်း အထွက်နှုန်း ကျဆင်း လာပါသည်။ စိုက်ပျိုးရေးပညာပေးဌာနတွင် ဝန်ထမ်းမလုံ လောက်ခြင်း၊ ဘတ်ဂျက်မပြည့်စုံခြင်း၊ ကွင်းပုံမှန် မဆင်းနိုင်ခြင်းများသည် အကြောင်းတစ်ရပ် ဖြစ်ပါသည်။ ထို့ကြောင့် မူဝါဒများ၊ ဘတ်ဂျက်များကို ဒေသ လိုအပ်ချက်များကို အခြေခံ၍ ရေးဆွဲပြီး၊ ကျွမ်းကျင်ဝန်ထမ်းများ ဖြည့်ဆည်းခန့်ထားရေး၊ လုံလောက်သော ဘတ်ဂျက်လျာထားချက် များထားရှိခြင်း များကို လုပ်ဆောင်သင့် ပါသည်။

(ခ) ကျေးရွာသူ/သားများသည် မိသားစုတစ်နိုင်တစ်ပိုင်ဝင်ငွေတိုးရန် အသေးစားမွေးမြူရေး လုပ်ငန်းများကို လုပ်ကိုင်နိုင်ရန် ရင်းနှီးနိုင်ခြင်းမရှိပါ။ အခြေခံမွေးမြူရေးစောင့်ရှောက်မှုများ မရရှိကြပါ။ တစ်နိုင်တစ်ပိုင်မွေးမြူရေးချေးငွေအစီအစဉ်များ ဆိုင်ရာမူဝါဒများ ချမှတ်သင့်ပါသည်။

(ဂ) ကျေးလက်ဒေသရှိ လူထုများ၏ အခြေခံလိုအပ်ချက်များဖြစ်သော ပညာရေး၊ ကျန်းမာရေး ဆိုင်ရာ မူဝါဒများကိုလည်း ထိရောက်စွာလုပ်ဆောင်သင့်ပါသည်။ အောက်ခြေတွင် လိုအပ်သော အခြေခံကျန်းမာရေး စောင့်ရှောက်မှုအစီအစဉ်များ၊ ပညာရေးအခြေခံအဆောက်အဦများ ဖြည့်ဆည်းပေးနိုင်ရန် ဘတ်ဂျက်ခွဲဝေခြင်းကို ပိုမိုတိုးမြှင့် လုပ်ဆောင်ရပါမည်။ ပညာရေး တတ်မြောက်မှုကို တိုးမြှင့်လုပ်ဆောင်နိုင်ရန် ပညာရေး ဆိုင်ရာ အခြေခံအဆောက်အဦများ ဖြည့် ဆည်းပေးရန် လိုပါမည်။

(ဃ) ကျေးရွာတွင် အမျိုးမျိုးသောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ကျေးရွာ အခြေပြု အသေးစား စီးပွားရေးလုပ်ငန်း များ ရင်းနှီးလည်ပတ်နိုင်ရန် အဆင်ပြေသော လက်လှမ်း မီနိုင်သော ဘဏ်လုပ်ငန်းများ၊ ချေးငွေ စနစ်များ လိုအပ်ပါသည်။ ထို့အပြင် ကျေးရွာအခြေခံ တစ်နိုင် တစ်ပိုင် စီးပွားရေးလုပ်ငန်း များ တိုးမြှင့် လုပ်ဆောင် နိုင်ရန် အခြေခံကျွမ်းကျင်မှုသင်တန်းများ၊ တန်ဖိုးမြှင့် ထုတ်ကုန်လုပ်ငန်းများ လုပ်ဆောင်ရန် မူဝါဒများ ချမှတ် လုပ်ဆောင်ရန်လိုပါမည်။

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

(က) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေး ချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာ အတွင်း ထပ်တိုးစီမံချက်များ ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှု ဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူ စေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်း ချက်

မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်**ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာ အထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classify-cation သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်း များဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

(၁) ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည် ဖြင့် ခွဲခြားသတ်မှတ်နည်းဖြစ်ပါသည်။

(၂) ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖေါ်ပြခြင်း ဖြစ်ပါသည်။

- သာမန် အသုံးစရိတ် (Current Expenditure) ဥပမာ-လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်း လည်ပတ်စရိတ်၊ ၄ားရမ်းခ စသည်များ၊
- ငွေလုံးငွေရင်း အသုံးစရိတ် (Capital Expenditure) ဥပမာ-ဆောက်လုပ်ရေးပစ္စည်းများ နှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊
- လူသားချင်း စာနာမှု အထောက်အပံ့ (Humanitarian Support)

(၈) ဦးစားပေးစီမံချက်များ

